# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Myanmar Weekly Conflict Update (January 01 - 07, 2025)

## ဇန်နဝါရီလ ပထမအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇန်နဝါရီလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄၉ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၄ ယောက်နှင့် အမျိုးသမီး ၉ ဦး ပါဝင်ပါသည်။
- မကွေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၀ ဦးစီ သေဆုံးခဲ့ပါသည်။ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅ ဦးစီ၊ ရခိုင်ပြည်နယ်တွင် ၃ ဦးနှင့် ကရင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၁ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၂ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် ဇန်နဝါရီလ ပထမပတ်အတွင်း စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၂၈ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မကွေးတိုင်းတွင် နေအိမ် ၁၄၄ လုံး၊ စစ်ကိုင်းတိုင်းတွင် နေအိမ် ၈၂ လုံးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေအိမ် အလုံး၂ တို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၅ ခုတွင် ဇန်နဝါရီလ ပထမအပတ်အတွင်း အရပ်သားပြည်သူ ၂၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ ပဲခူးတိုင်းတွင် ၁၃ ဦး၊ မန္တလေးတိုင်းတွင် ၇ ဦး၊ စစ်ကိုင်းတိုင်းတွင် ၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၉ ခုတွင် ဇန်နဝါရီလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၄၀ ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၁၂ ကြိမ်၊ ကချင်ပြည်နယ်တွင် ၁၁ ကြိမ်၊ ချင်းပြည်နယ်တွင် ၆ ကြိမ်၊ မန္တလေးတိုင်းတွင် ၄ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၃ ကြိမ်၊ ပဲခူးတိုင်း၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## ဇန်နဝါရီလ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ပထမအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၅၅ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၉ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၇ ကြိမ်စီ၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့ တွင် ၄ ကြိမ်စီ၊ မွန်ပြည်နယ်တွင်၂ ကြိမ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်း တို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇန်နဝါရီလ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၃၂၃ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၁၉ ဦး ကျဆုံးခဲ့ပါသည်။


# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇန်နဝါရီ ၅ ရက်တွင် ဧရာဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့နယ်ရှိ စစ်ကောင်စီ၏ ဖေဒါစစ်ဆေးရေးဂိတ်ကို အာရက္ခတပ်တော် (AA) နှင့်ပူးပေါင်းတပ်တို့ အပြီးသတ်သိမ်းပိုက်ရရှိခဲ့သည်။


- ဇန်နဝါရီ ၅ ရက်တွင် ရခိုင်ပြည်၊ အမ်းမြို့နှင့် မိုင် ၂၀ အကွာတွင်တည်ရှိတဲ့ တရုတ်ဓာတ်ငွေ့ပိုက်လိုင်းဓာတ်အားခွဲစက်ရုံကို လုံခြုံရေးယူထားတဲ့ တောင်စောက်တောင် စစ်ကောင်စီစခန်းကို AA က သိမ်းပိုက်ထိန်းချုပ်လိုက်ပါသည်။

**ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 01-07, January 2025 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Houses burned down** |
| **AYEYARWADY** | 4 | | | | | | | |
| **BAGO** | 4 | 1 | 7 | 10 | | 9 | 13 | |
| **CHIN** | | 6 | 7 | 1 | | | | |
| **KACHIN** | | 11 | | | | | | |
| **KARENNI** | | 1 | | | | | | |
| **KAYIN** | 11 | | 40 | | | | | |
| **MAGWAY** | 9 | | 28 | 1 | | | | 144 |
| **MANDALAY** | 9 | 4 | 75 | 1 | 3 | 13 | 7 | |
| **MON** | 2 | | 3 | | | | | |
| **RAKHINE** | 1 | 3 | | | 1 | 5 | 1 | |
| **SAGAING** | 7 | 12 | 106 | 2 | | 18 | 2 | 82 |
| **SHAN ( N )** | | 1 | | | | | | |
| **SHAN ( S )** | 1 | 1 | 10 | 1 | | | | 2 |
| **TANINTHARYI** | 7 | | 47 | 3 | | | | |
| **YANGON** | | | | | | | 1 | |
| **TOTAL** | **55** | **40** | **323** | **19** | **4** | **45** | **24** | **228** |

## Map of Myanmar Conflict ( January 01-07, 2025 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

ခွင့်ပြုချက်မရှိဘဲ VPN ထူထောင်ခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ပါကထောင်ဒဏ်နှင့်ငွေဒဏ်များ ချမှတ်နိုင်သည့် ဆိုက်ဘာလုံခြုံရေးဥပဒေကို စစ်ကောင်စီက ဇန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းလိုက်ပါတယ်။ VPN နှင့်ပတ်သက်ပြီး ထိုသို့ ပြုလုပ်ကြောင်းပြစ်မှုထင်ရှားပါက အနည်းဆုံး တလမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်းမည်ဟု ဆိုထားပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ အကျဉ်းထောင်၊ အချုပ်ထောင်တွေမှာ ပြစ်ဒဏ်ကျခံနေရသူ ၅၈၆၄ ဦးကို စစ်ကောင်စီက ဇန်နဝါရီ ၄ ရက်၊ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့မှာ လွတ်ငြိမ်းခွင့်ပေးလိုက်ပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီဥက္ကဋ္ဌဟောင်း ဦးခွန်ထွန်းဦး (ကွယ်လွန်)နဲ့ လက်ရှိ ပါတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်လွင်တို့ကို အာဏာသိမ်းစစ်ကောင်စီက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် တွေကို ပေးအပ်လိုက်ကြောင်း ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန်ပါတယ်။

ဇန်နဝါရီ ၃ ရက်တွင် သံအမတ်ကြီး မစ္စမာကျားဟာ စီမံဘဏ္ဍာဝန်ကြီး ဦးဝင်းရှိန်၊ စွမ်းအင်ဝန်ကြီး ဦးကိုကိုလွင် တို့နဲ့ နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, ThanLwin Myanmar, Mizzima, Myanmar Now, Myanmar Pressphoto Agency, Khit Thit Media, Narinjara, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, Khonumthung Burmese.**